မြန်မာနိုင်ငံကြက်ခြေနီအသင်း

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | |
|---|---|
| **ရာထူးအမည်** | **: ယာဉ်မောင်း** |
| အရေအတွက် | : (၁) ဦး |
| အစီရင်ခံတင်ပြမှု | : ဒေသညှိနှိုင်းရေးမှူး |
| ဌာန | : မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာန |
| စီမံချက် | : နေရပ်ပြန်ပြည်သူများနှင့် ဒေသခံပြည်သူများအား အကူအညီပေးရေးစီမံချက် |
| တာဝန်ကျရာနေရာ | : ဘားအံ/ထားဝယ် |
| Grade | : B2 |
| အကျိုးခံစားခွင့်များ | : လစာ + ကိုယ်ခန္ဓာထိခိုက်မှုနှင့်ရောဂါဘယအာမခံ+ လုပ်ငန်းတွင်းသင်တန်းများ + ခရီးသွားစားရိတ် + ရောင်တခင်ခွင့်+ ကူးစက်ရောဂါ ကာကွယ်ခွင့် + လုပ်သက်ခွင့်+ ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | **: ၂၀၂၁ခုနှစ်၊ဇွန်လ ၂၈ ရက်၊ (၁၆:၃၀)နာရီ** |

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်း အရှည်ကြာဆုံးနှင့် ဦးဆောင် ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ စီမံချက်တစ်ခုဖြစ်သော နေရပ်ပြန်ပြည်သူများနှင့် ဒေသခံပြည်သူများအား အကူအညီ ပေးရေးစီမံချက်သည် ၂၀၀၄ ခုနှစ်မှ စတင်ပြီး UNHCR ၏ ငွေကြေးအကူအညီဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ရှိ နေရပ်ပြန်ပြည်သူများနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများအတွက် ရပ်ရွာလူထုအခြေပြုစီမံချက်များကို စတင်လုပ်ဆောင်လာခဲ့ပါသည်။ ဤစီမံချက်မှ ရပ်ရွာဘေးဒဏ်ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ပညာပေးလုပ်ငန်းစဉ်များ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ထောက်ပံ့မှုများအပြင် ၂၀၂၀ ခုနှစ်မှစ၍ မွေးစာရင်းဆိုင်ရာ နိုင်ငံသားအထောက် အထားရရှိစေမှုနှင့် နေရပ်ပြန်ပြည်သူအချက်အလက်ကောက်ယူမှုဆိုင်ရာလုပ်ငန်းများကို UNHCR နှင့် တွဲဖက် လုပ်ဆောင်လျှက်ရှိပါသည်။

**ယာဉ်မောင်းသည်** မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နေရပ်ပြန်ပြည်သူများနှင့် ဒေသခံပြည်သူများအား အကူအညီပေးရေးစီမံချက်ဘားအံစီမံချက်ရုံးခွဲတွင် အခြေချပြီး ဘားအံစီမံချက်ရုံး၏ ရုံးလုပ်ငန်းများတွင် မော်တော်ယာဉ်မောင်းနှင်ပေး:ရန်၊ ကရင်ပြည်နယ်ရှိ စီမံချက်မြို့နယ်များသို့ ခရီးသွားရာတွင် မော်တော်ယာဉ် မောင်းနှင်ပေးရန်၊ လိုအပ်ပါက တနင်္သာရီတိုင်းဒေသကြီးရှိ စီမံချက်မြို့နယ်များသို့ ခရီးသွားလာခြင်းနှင့် အရေးပေါ် အခြေအနေများတွင် လိုအပ်သလိုကူညီ ၍ မော်တော်ယာဉ်မောင်းနှင်ပေးရန်တို့ ဖြစ်သည်။

ယာဉ်မောင်းသည် စီမံချက်ဝန်ထမ်းများ၊ ဧည့်သည်များနှင့် ကုန်ပစ္စည်းအား တင်ဆောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ ထိခိုက်ပျက်စီးမှု မဖြစ်အောင်

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

ထိန်းသိမ်းစောင့်ရှောက်ခြင်းများပါဝင်ပါသည်။ အလုပ်လိုအပ်ချက်အရ ခရီးဝေးများသွားရခြင်းကြောင့် အချိန်ပို အလုပ်လုပ်ပေးနိုင်ရန်လိုအပ်ပါသည်။

**လုပ်ငန်းတာဝန်များ**

၁။ မော်တော်ယာဉ်အကြောင်းနှင့် ယာဉ်ပြုပြင်ထိန်းသိမ်းရေး ကိရိယာပစ္စည်းများ (Tool box kit) အကြောင်း ကောင်းစွာနားလည်ပြီး အသေးစားပြင်ဆင်မှုအတွက် စစ်ဆေးနိုင်ပြီး ပြင်ဆင်နိုင်ရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးအပ်ထားသော အသင်းပိုင်မော်တော်ယာဉ်ကို မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း၏ အုပ်ချုပ်ရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ကောင်းစွာပြုပြင် ထိန်းသိမ်းခြင်း၊ သန့်ရှင်း ခြင်း၊ လိုအပ်သော ပြုပြင်ပြင်ဆင်မှုများအား တင်ပြခြင်းနှင့် ဆီလိုအပ်ချက်အား ဖြည့်၍ အမြဲတမ်း အဆင့်သင့်ဖြစ်နေစေခြင်း။

၃။ မော်တော်ယာဉ်တွင် စီးနင်းလိုက်ပါလာသူများ/စီမံချက်ဝန်ထမ်းများနှင့် ကုန်ပစ္စည်းများအား အတင်အချ ပြုလုပ်ခြင်း၊ ပို့ဆောင်ခြင်းများကို ထိခိုက်မှုမရှိစေဘဲ သတ်မှတ်ထားသော မော်တော်ယာဉ်လက်စွဲ စည်းမျဉ်းစည်းကမ်းများစာအုပ်ပါ စည်းကမ်းချက်များနှင့် အညီမောင်းနှင်ရမည်။

၄။ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေနှင့် ညွှန်ကြားချက်များကို နားလည်သိရှိ ပြီး မည်သည့်အခြေအနေမျိုးတွင်မဆို နယ်မြေလမ်းကြောင်းအခြေအနေအပေါ်မူတည်၍ ဘေးကင်းစွာ မောင်းနှင်ခြင်း ပြုလုပ်ရမည်။

၅။ မိမိသွားရမည့် ခရီးစဉ်နှင့် ပစ္စည်းပို့ရမည့်နေရာတို့၏ လိပ်စာများကို တိကျစွာသိရှိအောင် ကြိုတင်ပြင်ဆင် ထားရမည်။

၆။ မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းများ၊ မော်တော်ယာဉ်အသုံးပြုမှုမှတ်တမ်းများ၊ စက်သုံးဆီ စာအုပ်များ ကို မော်တော်ယာဉ် စည်းမျဉ်းစည်းကမ်းများအတိုင်း သေချာစွာ ထိန်းသိမ်းဖြည့်စွက်ရမည်။

၇။ မော်တော်ယာဉ်အသုံးပြုမှုမှတ်တမ်းအား Project Field Officer ထံသို့ နေ့စဉ်တင်ပြပေးရမည်။

၈။ မော်တော်ယာဉ်ကို စနစ်တကျနှင့်လုံခြုံမှုရှိစွာ သုံးစွဲကြောင်းတာဝန်ယူရန်နှင့် ထုတ်ပေးထားသော ယာဉ် ပြုပြင်ရန် ကိရိယာပစ္စည်းများ(Tool box kit)၊ ရှေးဦးပြုစုခြင်းပစ္စည်းများ(First Aid kit) တို့ကို စနစ်တကျအသုံးပြုရမည်။

၉။ သက်မှတ်အလုပ်ချိန်အတိုင်း လုပ်ငန်းဆောင်ရွက်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ အချိန်ပို ဆက်လက် ထမ်းဆောင်ရန်လိုအပ်ပါက လက်ခံဆောင်ရွက်ပေးရမည်။

၁၀။ ယာဉ်အတွက်သုံးစွဲသော အသုံးစရိတ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဘဏ္ဍာရေးစည်းမျဉ်း နှင့်အညီ အသုံးပြုပြီး ပြန်လည်ရှင်းလင်းတင်ပြရမည်။

၁၁။ ယာဉ်မောင်းလိုင်စင်သက်တမ်းအား အစဉ်အမြဲစောင့်ကြည့်သက်တမ်းတိုးမြှင့်ထားရှိရမည်။

၁၂။ အရေးပေါ်အခြေအနေများတွင် အရေးပေါ်တာဝန်ပေးအပ်ပါက တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရ မည်

၁၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ယာဉ်အုပ်ချုပ်ရေးစနစ် စည်းကမ်းများ၊ လမ်းညွှန်ချက်များ နှင့်လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များကို စာချုပ်ပြီးဆုံးသည့်တိုင် လုံခြုံစွာ ထိန်သိမ်း ကာကွယ်နိုင်ရမည်။

**လိုအပ်သည့်အရည်အချင်းသတ်မှတ်ချက်များ**

- တက္ကသိုလ်ဝင်တန်းအောင်မြင်သူ (သို့မဟုတ်) အထက်တန်းအဆင့်ပညာသင်ယူခဲ့သူ ဖြစ်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

*MRCS_UNHCR_Driver for Monitoring & Reintegration Support in South East (14.6.2021)* *(043)*

Myanmar Red Cross Society

- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းရမည်။
- ယာဥ်စည်းကမ်း လမ်းစည်းကမ်း အား တိကျစွာလိုက်နာရမည်
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်
- ဘားအံမြို့နှင့် မွန်၊ ကရင်၊ တနင်္သာရီဒေသရှိ လမ်းများနှင့် အကျွမ်းဝင်မှုရှိရမည်။
- မော်တော်ယာဥ်အသေးစားပြင်ဆင်မှု လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- ရိုးသားမှု၊ အဖွဲ့အစည်းမှ ယုံကြည်စိတ်ချနိုင်မှုခြင်းခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အားထားနိုင်သူ ဖြစ်ရမည်။
- သက်တမ်းမကုန်ဆုံးသေးသောယာဥ်မောင်းလိုင်စင်လက်ဝယ်ရှိရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင် ရွက်နိုင်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ပြီး စိတ်ရှည်သည်းခံ သူဖြစ်ရမည်။
- အရေးပေါ်အခြေအနေများတွင် အရေးပေါ်တာဝန်ပေးအပ်ပါက နေ့/ည မရွေး တာဝန်ထမ်းဆောင်နိုင်သောသူ ဖြစ်ရမည်။
- အင်္ဂလိပ်လို အသင့်အတင့် ပြောဆိုဆက်သွယ်နိုင်သူဖြစ်ရမည်။

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးချုပ်**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးခွဲ**
**အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်။**

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**
**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**